ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (၄၉) ကြိမ်မြောက်အစည်းအဝေးသို့ တင်သွင်းသော နိုင်ငံတကာက အရေးယူရန် လိုအပ်သည့် စစ်ကောင်စီ၏ ဆိုးရွားသော ရာဇဝတ်မှုများ အစီရင်ခံစာဆိုင်ရာ ထုတ်ပြန်ကြေငြာချက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ (၁၆) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတကာက အရေးယူရန် လိုအပ်သည့် စစ်ကောင်စီ၏ ဆိုးရွားသော ရာဇဝတ်မှုများ အစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (၄၉) ကြိမ်မြောက်အစည်းအဝေးသို့ တင်သွင်းခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအနေဖြင့် လာမည့် မတ်လ ၁၈ ရက်နေ့ မှ ၂၁ ရက်နေ့အထိ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွင်း တစထက်တစ ဆိုးရွားလာသော ကြမ်းကြုတ်ရက်စက်မှုများကို အမြန်ဆုံးနှင့် ဦးတည်ချက်ရှိရှိ ကိုင်တွယ်ဖြေရှင်းရန် မြန်မာနိုင်ငံက တောင်းဆိုသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သော အာဏာသိမ်းမှုဖြင့် လုပ်ဆောင်ခဲ့သော စစ်အုပ်စု၏ နိုင်ငံကို သိမ်းပိုက်ထိန်းချုပ်ရန်မအောင်မြင်သည့် ကြိုးစားမှုသည် မြန်မာနိုင်ငံကို လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံရေးနှင့် စီးပွါးရေး အကြပ်အတည်းများအတွင်းသို့ ကျရောက်စေခဲ့ပြီးဖြစ်သည်။ ဤသို့ ဆိုးရွားသော ယိုယွင်းပျက်စီးမှုနှင့်အတူ ရက်စက်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များသည်လည်း **အတူ**ယှဉ်တွဲလျက် အရှိန်တိုးပွား များပြားလာနေသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက တင်သွင်းသော အစီအရင်ခံစာတွင် စစ်တပ်က မြန်မာတစ်နိုင်ငံလုံးတွင် ပြုလုပ်နေသော ရက်စက်ကြမ်းကြုတ်မှုများ၏ သရုပ်မှန်ကို ထင်ဟပ်ဖော်ပြနိုင်သည့် အဖြစ်အပျက်များကို ထည့်သွင်းတင်ပြထားသည်။ ၄င်းအဖြစ်အပျက်များတွင် အစုလိုက်အပြုံလိုက်နှင့် ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ လက်နက်ကြီးများနှင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် အရပ်သားပစ်မှတ်၊ စစ်ရေးပစ်မှတ် မခွဲခြားပဲ ပစ်ခတ်မှုများ၊ ပြည်

သူများ၏ အိုးအိမ် ပိုင်ဆိုင်မှုများကို ရည်ရွယ်ချက်ရှိရှိ အကြီးစား မီးလောင်တိုက်သွင်းမှု၊ ဖျက်ဆီးမှု ပြုလုပ်ခြင်းများနှင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေသူများကို အသက်သေစေနိုင်လောက်သည့် အင်အား အသုံးပြု၍ ဖြိုခွဲခြင်းများ ပါဝင်သည်။ ထိုမအောင်မြင်ခဲ့သည့် အာဏာသိမ်းမှုစတင်စဉ်ကတည်းကပင် စစ်အာဏာရှင်၏ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၅ သိန်းကျော် ထွက်ပြေးရွှေ့ပြောင်းနေခဲ့ရပြီးဖြစ်ပြီး ၎င်းတို့အတွက် လူ့သားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ အခြေအနေမှာ အလွန်အရေးကြီးသည့်အဆင့်သို့ ရောက်နေပြီးဖြစ်ကြောင်းလည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

ဆက်လက်လုပ်ဆောင်ဖြစ်ပေါ်နေသော စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများဖြစ်သည်ဟု ယုံကြည်နိုင်သော ကျိုးကြောင်းခိုင်လုံသည့် သက်သေများရှိနေသည်ကို လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက တွေ့ရှိထားသည်။ ထိုလုပ်ဆောင်မှုများသည် ပြည်သူများအပေါ် ကျယ်ပြန့်စွာနှင့် စနစ်ကျစွာ ထပ်ခါထပ်ခါ ဆောင်ရွက်နေသည့် တိုက်ခိုက်မှုများ ဖြစ်သည့်ပုံပေါ်လာနေပြီး စစ်အာဏာရှင်၏ အထက်ပိုင်း ခေါင်းဆောင်များက သိရှိညွှန်ကြားမှုဖြင့် ပြုလုပ်နေခြင်းဖြစ်သည်။ အလားတူ ကောက်ချက်ချမှုများကို ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (IIMM) ၏ အကြီးအကဲများကလည်း ဖော်ထုတ်တင်ပြခဲ့ပြီးဖြစ်သည်။ အမှန်စင်စစ်မူ စစ်အာဏာရှင်ခေါင်းဆောင် မင်းအောင်လှိုင်အကြောင်းကို လူ့အခွင့်အရေးကောင်စီက သိရှိထားပြီးဖြစ်သည်မှာ ကြာပြီဖြစ်သည်။ ရိုဟင်ဂျာ လူမျိုးများနှင့် အခြားလူမျိုးများအား ဦးတည်ပြုလုပ်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများအတွက် မင်းအောင်လှိုင်ကို စုံစမ်းစစ်ဆေးပေးရန်၊ အပြစ်ပေးအရေးယူနိုင်စေရန်အတွက် IIMM က ၂၀၁၈ ခုနှစ် စက်တင်ဘာလက တင်ပြအရေးဆိုခဲ့ပြီးဖြစ်သည်။

ရက်စက်ကြမ်းကြုတ်မှုများရပ်တန့်စေရန်နှင့် စစ်အာဏာရှင်၏ ခေါင်းဆောင်များအပါအဝင် ကျူးလွန်သူများအား သက်ဆိုင်သည့် အရေးယူပြစ်ဒဏ်ခတ်မှုများ ပြုလုပ်ရန်အတွက် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်မှုများ ပြုလုပ်ကြရန် မြန်မာနိုင်ငံ၏ ပြည်သူပြည်သားများက ထပ်လောင်းတောင်းဆိုသည်။

လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးချက်များသည် အောက်ဖော်ပြပါ အချက်များအား ထည့်သွင်းစဉ်းစားလျက် ပိုမိုအားကောင်းသော ဆုံးဖြတ်ချက်များအဖြစ် ရောက်ရှိစေရမည် ဖြစ်သည်။ –

- မြန်မာနိုင်ငံအတွင်း နိုင်ငံတကာဥပဒေများကို ချိုးဖောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေးအတွက် ကူညီပံ့ပိုးရန် အထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီ က ဖွဲ့စည်းပေးသည့် ယာယီ ခုံရုံးတစ်ခု ဖွဲ့စည်းပေးရေး ဖြစ်နိုင်ချေအလားအလာ၊ ထိုခုံရုံး၏ လုပ်ကိုင်နိုင်မည့် အနေအထား၊ အခွင့်အာဏာ၊ ဖွဲ့စည်းပုံနှင့် ၄င်းနှင့် နိုင်ငံတကာ၊ ဒေသတွင်း နှင့် နိုင်ငံတွင်းရှိ တရားရုံးများနှင့် လုပ်ငန်းယန္တရားများအကြား ဆက်ဆံရေးကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က သုံးသပ်ဖော်ထုတ်ပေးရန်တောင်းဆိုသည်။
- လုံခြုံရေးကောင်စီက မြန်မာနိုင်ငံ၏ အခြေအနေကို ICC သို့ လွှဲပြောင်းပေးရန် တောင်းဆိုသည်။ နိုင်ငံတကာဥပဒေများအရ ရာဇဝတ်မှု မြောက်နေသည့် စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်မှုများကို လုံခြုံရေးကောင်စီက ရှုတ်ချရန် တောင်းဆိုသည်။
- မြန်မာစစ်အုပ်စုသည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည်ဟု စာရင်းသွင်းသတ်မှတ်မည့် ဆုံးဖြတ်ချက်ချမှတ်မည့် လုပ်ငန်းစဉ်များကို လုံခြုံရေးကောင်စီက စတင်ရန် တောင်းဆိုသည်။
- လက်နက်များ၊ ခဲယမ်းများ လွှဲပြောင်းပေးအပ်ပြီး စစ်ဘက်သုံးနှင့် အခြားပစ္စည်းများကို စစ်ဘက်–အရပ်ဘက်နှစ်မျိုးအသုံးပြုခြင်းအပါအဝင် လက်နက်ရောင်းချခြင်းကို မြန်မာစစ်တပ်အား ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ပိတ်ဆို့ခြင်း၊ မရောင်းချခြင်းပြုလုပ်ရန် ကမ္ဘာ့နိုင်ငံအားလုံးအား တောင်းဆိုသည်။
- မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများဆိုင်ရာ အထူးကိုယ်စားလှယ်၏ တာဝန် လုပ်ပိုင်ခွင့်အားသက်တမ်းတိုးရန်နှင့်ပိုမိုအားကောင်းစေရန် တောင်းဆိုသည်။
- အရှိန်အဟုန် အတိုင်းအဆ ပိုမိုကျယ်ပြန့်ကြီးမားလာသော ပဋိပက္ခနှင့် ရာဇဝတ်မှုများ၏ အခြေအနေပေါ်မူတည်ပြီး မြန်မာနိုင်ငံတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို ပိုမိုကျယ်ပြန့်စွာ အာရုံစိုက်လုပ်ဆောင်နိုင်စေရန်အတွက် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးနှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့၏ လူအားငွေအားဆိုင်ရာ အရင်းအမြစ်များကိုတိုးမြှင့်ပေးရန် တောင်းဆိုသည်။

- အာဆီယံနှင့် မြန်မာနိုင်ငံတွင်းရှိ ကုလသမဂ္ဂရုံးအဖွဲ့ တို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆက်သွယ်ဝင်ရောက်လုပ်ဆောင်မှုများကို ခံစားနေရသူများ ရှိရာနေများသို့ ဦးစားပေးလုပ်ဆောင်ရန်၊ NUG နှင့် လက်တွဲလုပ်ဆောင်ခြင်းကို ထည့်သွင်းရန်၊ အိမ်နီးချင်း နိုင်ငံများ အနေဖြင့် ၄င်းတို့၏ နယ်စပ်မျဉ်းများတလျှောက်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ထွက်လုပ်ကိုင်မှုများပြုလုပ်နိုင်ရေး ကူညီပံ့ပိုးပေးရန် တောင်းဆိုသည်။
- အထူးသဖြင့် ၂၀၂၁ ဖေဖော်ဝါရီ ၁ရက်နေ့မှစပြီး ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားဆွဲဆို၊ ပြစ်ဒဏ်ချမှတ်၊ ထောင်ချခံထားရသော သူများ၊ နိုင်ငံရေးအကျဉ်းသားများအားလုံးနှင့် ပြည်သူများအားလုံးကို ချက်ချင်းနှင့် ခြွင်းချက်မရှိ လွှတ်ပေးရေး ထပ်လောင်းတောင်းဆိုသည်။
- အထူးသဖြင့် ရိုဟင်ဂျာလူမျိုးများအပါအဝင် မြန်မာနိုင်ငံရှိ လူမျိုးနှင့် ကိုးကွယ်ရာဘာသာအလိုက် လူနည်းစုများအပေါ် သမိုင်းကြောင်းတလျောက် စနစ်တကျဖြစ်သော၊ ပုံစံသွင်းတည်ဆောက်သော ခွဲခြားဆက်ဆံမှုများကို ရှုတ်ချရမည်။ ဒုက္ခသည်များအားလုံးအနေဖြင့် မြန်မာနိုင်ငံသို့ လုံခြုံသော၊ ဆန္ဒအလျောက်ဖြစ်သော၊ ဂုဏ်သိက္ခာရှိသော၊ ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ပြန်လည်ဝင်ရောက်နိုင်ရေးကို ပံ့ပိုးရမည်။ မြန်မာနိုင်ငံရှိ အသိုက်အဝန်းအားလုံးအနေဖြင့် ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းမျှ မျှတစွာ ရယူခံစားနိုင်စေမည့် အခွင့်အရေးများကို မြှင့်တင်ရမည်။
- မြန်မာနိုင်ငံတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများအားလုံးနှင့် ထိုစီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် အလွဲသုံးမှုများကို ပံ့ပိုးမှုမဖြစ်စေရန် သို့မဟုတ် ကိုယ်တိုင်ကျူးလွန်မှုမဖြစ်စေရန် ဆောင်ရွက်ရမည်။ ထို့အပြင် မြန်မာ့စစ်တပ်နှင့်သော်လည်းကောင်း ၎င်းတို့မှ သို့မဟုတ် ၎င်းတို့၏ အဖွဲ့ဝင်တစ်ဦးဦးမှ ထိန်းချုပ်ထားသော စီးပွားရေးလုပ်ငန်းတစ်ခုခုနှင့်သော်လည်းကောင်း စီးပွားရေးအရ ဆက်ဆံဆောင်ရွက်မှုများအားလုံးကို ရပ်တန့်ရမည်။
- **Credentials Committee** အပါအဝင် အထွေထွေညီလာခံအနေဖြင့် (၇၆) ကြိမ်မြောက် အထွေထွေညီလာခံအစည်းအဝေးနှင့် နောက်ပိုင်းအစည်းအဝေးများတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကိုယ်စားလှယ်များ၏ ခန့်အပ်လွှာများကို တရားဝင် လက်ခံအတည်ပြုပေးရမည်။

- မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ရုံးအဖွဲ့ အနေဖြင့် ရှိဆန်သဲအစီရင်ခံစာတွင် ဖော်ပြထားသည့် အကြံပြုချက်များ အကောင်အထည်ဖော်မှုများနှင့် စစ်အုပ်စုကို တရားဝင်မှုမပေးစေရေးအတွက် ချမှတ်ထားသော ထိတွေ့ဆက်ဆံမှု လမ်းညွှန်ချက်များနှင့် ကိုက်ညီစေရေး လိုက်နာဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို တင်သွင်းရန် တောင်းဆိုသည်။